# ကမ္ဘောဇဘဏ်အာမခံအပ်ငွေစာရင်း စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ

ကမ္ဘောဇဘဏ်လီမိတက် (KBZ Bank) ၏ ဘဏ်အာမခံအပ်ငွေစာရင်း ဝန်ဆောင်မှုအား ရယူအသုံးပြုကြမည့် ငွေအပ်နှံသူများအနေဖြင့် အောက်တွင် ဖော်ပြထားသော အထွေထွေစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အတိအကျ လိုက်နာကြရမည်ဖြစ်သည်။ ကမ္ဘောဇဘဏ်၏ ဘဏ်အာမခံအပ်ငွေစာရင်း ဝန်ဆောင်မှုအား တောင်းခံခြင်း သို့မဟုတ် အသုံးပြုခြင်းများသည် ငွေအပ်နှံသူများနှင့် ငွေအပ်နှံသူ၏ ကိုယ်စား တစ်ဦးတစ်ယောက်အား အသုံးပြုခွင့်ပြုစေခြင်းများသည် ငွေအပ်နှံသူအနေဖြင့် အခါအားလျော်စွာ ပြောင်းလဲနိုင်သည်ဖြစ်သော ဤစည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များကို ဝန်ခံအသိအမှတ်ပြုခြင်းနှင့် လက်ခံခြင်းပင်ဖြစ်သည်။ ကမ္ဘောဇဘဏ် (KBZ Bank) ၏ **ဘဏ်အာမခံအပ်ငွေစာရင်း** အတွက် စည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များမှာ

## ၁။ အဓိပ္ပာယ်သတ်မှတ်ချက်များ

၁.၁။ **'ငွေစာရင်း'** ဆိုသည်မှာ ငွေအပ်နှံသူက ကမ္ဘောဇဘဏ်တွင် ငွေအပ်နှံထားရှိရန် ခွင့်ပြုပေးထားသည့် ကမ္ဘောဇဘဏ်၏ အပ်ငွေစာရင်းကိုဆိုလိုသည်။

၁.၂။ **'အလုပ်ဖွင့်ရက်'** ဆိုသည်မှာ မြန်မာနိုင်ငံရှိ စနေနေ့၊ တနင်္ဂနွေနေ့၊ အများပြည်သူအလုပ်ပိတ်ရက် သို့မဟုတ် ဘဏ်ပိတ်ရက်မဟုတ်သည့် နေ့ရက်များကို ဆိုလိုခြင်းဖြစ်သည်။

၁.၃။ **'ဘဏ်အာမခံ'** ဆိုသည်မှာ ငွေအပ်နှံသူ(များ)၏ စာချုပ် သို့မဟုတ် ငွေကြေးဆိုင်ရာ တာဝန်ရှိမှုများကို ဖြည့်ဆည်းရန် ပျက်ကွက်သည့် ဖြစ်ရပ်တွင် အကျိုးခံစားခွင့်ရှိသူ (ဥပမာ- တတိယပါတီဝင် ရောင်းချသူ/တင်သွင်းသူ သို့မဟုတ် မြို့ရှင်ကဲ့သို့) အတွက် သတ်မှတ်ထားသော ငွေကြေးဆိုင်ရာပံ့ပိုးမှု သို့မဟုတ် အာမခံငွေကို ပေးအပ်ရန်အတွက် ငွေအပ်နှံသူ(များ)၏ တောင်းဆိုချက်အရ ကမ္ဘောဇဘဏ်မှ စာဖြင့်ထုတ်ပေးသော ဘဏ်အာမခံကိုဆိုလိုခြင်းဖြစ်သည်။

၁.၄။ **'ဘဏ်အာမခံအပ်ငွေစာရင်း'** ဆိုသည်မှာ ကမ္ဘောဇ ဘဏ်အာမခံအပ်ငွေစာရင်းအား ဆိုလိုခြင်းဖြစ်ပြီး ကမ္ဘောဇဘဏ်တွင် ဘဏ်အာမခံအတွက် ငွေအပ်နှံသူမှ ဖွင့်လှစ်သည့် သီးသန့်ငွေစာရင်းအမျိုးအစားဖြစ်၍ ငွေအပ်နှံသူက ငွေသားဖြင့်သော်လည်းကောင်း၊ အခြား ငွေစာရင်းများမှ စာရင်းပြောင်းနည်းဖြင့်သော်လည်းကောင်း အပ်နှံထည့်သွင်းနိုင်ပြီး ထိုငွေစာရင်းမှ ငွေထုတ်ခြင်း (သို့မဟုတ်) စာရင်းပြောင်းလဲခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ သို့ရာတွင် တည်နေရာ အခြေအနေ၊ ငွေပမာဏ နှင့် ငွေထုတ်ယူရန် အကြောင်းကြားသည့် အချိန်ကာလတို့ အပေါ်တွင် မူတည်၍ အပ်နှံငွေသား ထုတ်ယူခြင်း တွင် သက်ရောက်မှုရှိမည်ဖြစ်သည်။ လက်ကျန်ငွေပေါ်တွင် နေ့စဉ်အတိုးအား ကမ္ဘောဇဘဏ်မှအခါ အားလျော်သတ်မှတ်ပေး သည့်အတိုင်း တွက်ချက်ပေးမည်ဖြစ်သည်။

၁.၅။ **'ဘဏ်အာမခံအပ်ငွေစာရင်းစာအုပ် '** ဆိုသည်မှာ အပ်ငွေ၊ လွှဲပြောင်းငွေ၊ ထုတ်ယူငွေ၊ အဖိုး အခများ အားလုံး၏ စုစုပေါင်းများကို မှတ်တမ်းတင်ထားသည့် ကမ္ဘောဇဘဏ်မှတရားဝင် ထုတ်ပေးသော ငွေစာရင်းစာအုပ်ကို ဆိုလိုသည်။

၁.၆။ **'ဗဟိုဘဏ်'** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုလိုခြင်းဖြစ်သည်။

၁.၇။ **'ငွေအပ်နှံသူ'** ဆိုသည်မှာ ကမ္ဘောဇဘဏ်တွင် ဘဏ်အာမခံအပ်ငွေစာရင်းရှိသည့် ကမ္ဘောဇဘဏ် ငွေအပ်နှံသူ တစ်ဦးကို ဆိုလိုသည်။

၁၊၈။ **'ငွေသွင်းငွေထုတ်မရှိသောစာရင်း'**ဆိုသည်မှာ ဝန်ဆောင်ခနှင့်အတိုးထည့်ငွေကဲ့သို့ ကမ္ဘောဇဘဏ်၏ လုပ်ဆောင်မှုအတိုင်း ဆောင်ရွက်သည့် လုပ်ဆောင်မှုမှအပ၊ ကမ္ဘောဇဘဏ်ကသတ်မှတ်ထားသည့် ကာလအတွင်း ငွေအပ်နှံသူက စတင် ဆောင်ရွက်သည့် ငွေထုတ်မှု (သို့မဟုတ်) ငွေသွင်းမှု မရှိသည့်ငွေစာရင်းကို ဆိုလိုသည်။

၁၊၉။ **'မိတ်ဆက်သူ'** ဆိုသည်မှာ ငွေအပ်နှံသူအသစ်များအတွက် ထောက်ခံသူအဖြစ်ဆောင်ရွက်ပေးသော ကမ္ဘောဇဘဏ်၌ အပ်ငွေစာရင်းရှိပြီးသူ တစ်ဦးကိုဆိုလိုသည်။

၁၊၁၀။ **'ကမ္ဘောဇဘဏ်'** ဆိုသည်မှာ ကမ္ဘောဇဘဏ်လီမိတက်နှင့် အနာဂတ်တွင် ကမ္ဘောဇဘဏ်မှ တည်ထောင်မည့် ဘဏ်ခွဲများ အပါအဝင် ယခုလက်ရှိဘဏ်ခွဲများအားလုံးကို ဆိုလိုသည်။

၁၊၁၁။ **'မြန်မာကျပ်'** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တရားဝင်အသုံးပြုသော ငွေကြေးကို ဆိုလိုသည်။

၁၊၁၂။ **'အခကြေးငွေဇယား'** ဆိုသည်မှာ ကမ္ဘောဇဘဏ်၏ဆုံးဖြတ်မှုအရ အချိန်နှင့်အမျှပြောင်းလဲနိုင်သည့် ကမ္ဘောဇဘဏ်က ကောက်ခံသော အခကြေးငွေစာရင်းကို ဆိုလိုသည်။

၁၊၁၃။ **'စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ'** ဆိုသည်မှာ ဤ ဘဏ်အာမခံအပ်ငွေစာရင်း၏ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ ကို ဆိုလိုသည်။

၁၊၁၄။ **'Website'** ဆိုသည်မှာ www.kbzbank.com လိပ်စာရှိ ကမ္ဘောဇဘဏ် website ကို ဆိုလိုသည်။

## ၂။ ကမ္ဘောဇဘဏ်၌ ဘဏ်အာမခံအပ်ငွေစာရင်း ဖွင့်လှစ်ခြင်း

၂၊၁။ ကမ္ဘောဇဘဏ်၌ ဘဏ်အာမခံအပ်ငွေစာရင်း ဖွင့်လှစ်ရန်အတွက် ငွေအပ်နှံသူသည် ဘဏ်ကပေးထားသော သက်ဆိုင်သည့်ပုံစံ အားလုံးကိုဖြည့်စွက်ကာ လိုအပ်သောစာရွက်စာတမ်းအားလုံးကို ပေးရမည်။ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူမှ ပေးသော အချက်အလက်များနှင့် စာရွက်စာတမ်းများအားလုံးသည် မှန်ကန်၊ တိကျပြီး ငွေအပ်နှံသူမှ နောက်ဆုံး အခြေအနေနှင့်ကိုက်ညီမှုရှိသော အချက်အလက်များအား ပေးခြင်း ဖြစ်သည်ဟု ယူဆမည်ဖြစ်သည်။

၂၊၂။ ငွေအပ်နှံသူသည် အမျိုးသားမှတ်ပုံတင်ကတ် (NRC) သို့မဟုတ် သက်တမ်းရှိသည့် နိုင်ငံကူးလက်မှတ် သို့မဟုတ် အစိုးရထုတ်ပေးထားသည့် အသိအမှတ်ပြုကတ်တစ်ခုကို တင်ပြနိုင်ရမည်။

၂၊၃။ ငွေအပ်နှံသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ပြီး ဘဏ်အာမခံအပ်ငွေစာရင်းဖွင့်လှစ်ရန် ပဋိညာဉ်ချုပ်ဆိုနိုင်သူ ဖြစ်ရမည်။

၂၊၄။ ဘဏ်အာမခံအပ်ငွေစာရင်း ဖွင့်သည့်အခါ ငွေအပ်နှံသူကို ကမ္ဘောဇဘဏ်ခွဲတွင် စာရင်းဖွင့်လှစ်ထားရှိပြီး ဖြစ်သော ငွေအပ်နှံသူများမှ မိတ်ဆက်သူ ၂ ဦးအဖြစ် ထောက်ခံရမည်။

၂၊၅။ လူတစ်ဦး၏အမည်ဖြင့် ပိုင်ဆိုင်သော ဘဏ်အာမခံအပ်ငွေစာရင်းကို ထိုပုဂ္ဂိုလ်တစ်ဦးတည်းကသာ ဆောင်ရွက်ရမည်။ ကုမ္ပဏီတစ်ခုက ပိုင်ဆိုင်သောငွေစာရင်းများကို ကုမ္ပဏီကအတည်ပြုပြီး တာဝန်ပေးအပ်ကြောင်းစာဖြင့် သက်သေပြု တာဝန်သတ်မှတ်ပေးထားသည့် ပုဂ္ဂိုလ်/များက ဆောင်ရွက်ရမည်။

၂၊၆။ **ဘဏ်အာမခံအပ်ငွေစာရင်း (တစ်ဦးချင်းငွေစာရင်း/တွဲဖက်ငွေစာရင်း)** အတွက် ငွေစာရင်း/များထဲသို့ မြန်မာငွေကျပ် 'ကနဦး အပ်နှံငွေ' ငွေကျပ် ၁,၀၀၀ (ကျပ်တစ်ထောင်) အား ဘဏ်အာမခံအပ်ငွေစာရင်းသို့ ငွေသားထည့်သွင်းအပ်နှံခြင်းဖြင့် ငွေစာရင်း စတင်ဖွင့်လှစ်နိုင်သည်။ ဤလိုအပ်ချက်သည် တစ်ဦးချင်းဖြစ်စေ၊

တွဲဖက်စာရင်းများကိုဖြစ်စေ သက်ဆိုင်စေမည်ဖြစ်သည်။ ဘဏ်အာမခံအပ်ငွေစာရင်း (တစ်ဦးချင်းငွေစာရင်း/ တွဲဖက်ငွေစာရင်း) တွင် ထားရှိရမည့် အနည်းဆုံးပမာဏသည် ကျပ်ငွေ ၁,၀၀၀ (ကျပ်ငွေ တစ်ထောင်)အား ထားရှိရမည်။

၂။၇။ နှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပိုသော အရွယ်ရောက်သူများသည် တွဲဖက်၍ ဘဏ်အာမခံအပ်ငွေစာရင်း ဖွင့်လှစ်နိုင်သည်။

၂။၈။ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ၊ကုမ္ပဏီများနှင့် အခြားသောစီးပွားရေးအဖွဲ့ အစည်းများ (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ပြည်တွင်းလိုင်စင်ရ လုပ်ငန်းများ) သည်လည်း ဘဏ်အာမခံအပ်ငွေစာရင်းဖွင့်လှစ်နိုင်သည်။

၂။၉။ ကမ္ဘောဇဘဏ်သည် လုံလောက်သောအကြောင်းရှိပါက ဘဏ်အာမခံအပ်ငွေစာရင်းဖွင့်လှစ်ခွင့်ပြုရန် ငြင်းပယ်နိုင်သည်။

၂။၁၀။ ကမ္ဘောဇဘဏ်သည် ဘဏ်အာမခံအပ်ငွေစာရင်းအား ဘဏ်အာမခံရည်ရွယ်ချက်အတွက်သာ ငွေသွင်း/ငွေထုတ် လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ ထိုဘဏ်အာမခံအပ်ငွေစာရင်းအား ငွေသားထည့်သွင်းခြင်း၊ ငွေသားထုတ်ယူခြင်းနှင့် စာရင်းပြောင်းခြင်းများ အသုံးပြုနိုင်မည်ဖြစ်သည်။ ငွေအပ်နှံသူသည် ၎င်း၏ အခြားငွေစာရင်းတို့မှ ဘဏ်အာမခံအပ်ငွေစာရင်းသို့ စာရင်းပြောင်းနည်းဖြင့် ငွေထည့်သွင်းခြင်း၊ ပြန်လည်ထုတ်ယူခြင်းတို့ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

၂။၁၁။ ကမ္ဘောဇဘဏ်သည် ဘဏ်အာမခံအပ်ငွေစာရင်းတွင် ထည့်သွင်းထားသည့် ဖွင့်လှစ်အပ်နှံငွေအပေါ်ပေးမည့် အတိုးနှုန်းနှင့် တွက်ချက်သည့် နည်းလမ်းများကို မည်သည့်အချိန်တွင်မဆို ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းတို့အား ပြုလုပ်နိုင်သည်။

၂။၁၂။ ကမ္ဘောဇဘဏ်သည် ဘဏ်အာမခံအပ်ငွေစာရင်းတွင် အနည်းဆုံးနှင့်အများဆုံး ထားနိုင်ခွင့်ရှိသည့် လက်ကျန်ငွေပမာဏကန့်သတ်ချက်ကို မည်သည့်အချိန်တွင်မဆို မည်သည့် ကြိုတင် အကြောင်းကြားခြင်းမျှမရှိဘဲ ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ပြောင်းလဲသတ်မှတ်နိုင်သည်။

၂။၁၃။ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူများဖွင့်လှစ်နိုင်သော ဘဏ်အာမခံအပ်ငွေစာရင်း အမျိုးအစားများနှင့် သက်တမ်းတို့ကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

၂။၁၄။ ကမ္ဘောဇဘဏ်သည် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုက အများဆုံး ဖွင့်လှစ်ခွင့်ရှိသော ဘဏ်အာမခံအပ်ငွေစာရင်း အရေအတွက်ကို အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသတ်မှတ်နိုင်သည်။

## ၃။ ဘဏ်အာမခံအပ်ငွေစာရင်း လုပ်ငန်းဆောင်ရွက်မှု

၃။၁။ ဘဏ်အာမခံအပ်ငွေစာရင်းသည် ကမ္ဘောဇဘဏ်၏ ဘဏ်အာမခံအတွက် ငွေအပ်နှံသူမှ ငွေအပ်နှံရန် ဖွင့်လှစ်ထားသည့် ငွေစာရင်းတစ်ခုဖြစ်ပြီး ငွေအပ်နှံသူသည် ဘဏ်အာမခံချက်အတွက် လိုအပ်သော ငွေပမာဏအား ထို ဘဏ်အာမခံအပ်ငွေစာရင်းတွင် ထည့်သွင်းထားရန်လိုအပ်ပါသည်။

၃။၂။ ကမ္ဘာဇဘဏ်သည် ဘဏ်အာမခံခြင်းအတွက် ငွေအပ်နှံသူ သို့မဟုတ် ငွေအပ်နှံသူများအနက်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူများရရန်ရှိသည့် ဘဏ်အာမခံအပ်ငွေစာရင်းရှိ လက်ကျန်ငွေများမှ ဘဏ်အာမခံ တန်ဖိုးအပြင်

ဘဏ်စရိတ်များနှင့်ညီမျှသော အာမခံအပ်ငွေပမာဏအား ဘဏ်အာမခံတွင် သတ်မှတ်ထားသော အချိန်ကာလ တစ်ခုအထိ ကမ္ဘောဇဘဏ်မှ ထိန်းသိမ်းထားခြင်း သို့မဟုတ် စာရင်းတား ထားမည်ဖြစ်ပြီး ထိုစာရင်း တားထားသည့် ငွေပမာဏအား ငွေအပ်နှံသူသည် ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်းအား ပြုလုပ်နိုင်မည်မဟုတ်ပါ။

၃၊၃။ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူ၏ ဘဏ်အာမခံ၏ ပြင်ဆင်ချက်၊ ပြောင်းလဲချက် နှင့် သက်တမ်းတိုးချက်များ အပေါ်မူတည်၍ ငွေအပ်နှံသူ၏ ဘဏ်အာမခံအပ်ငွေစာရင်းရှိ ဘဏ်အာမခံအတွက်ထားရှိသည့်ငွေပမာဏအား စာရင်းတားသည့်ကာလတိုးမြှင့် သတ်မှတ်သွားမည် ဖြစ်သည်။

၃၊၄။ ကမ္ဘောဇဘဏ်သည် ဘဏ်အာမခံသတ်မှတ်ချက်များ အပြောင်းအလဲများ အပေါ် အခြေခံ၍ လိုအပ်သော အာမခံအပ်ငွေပမာဏကို ချိန်ညှိရန် ကမ္ဘောဇဘဏ်က ပြုလုပ်နိုင်သည်မည်ဖြစ်သည်။

၃၊၅။ အကယ်၍အာမခံတင်သွင်းသည့် ငွေအပ်နှံသူအနေနှင့် ဘဏ်အာမခံအကျိုးခံစားခွင့်ရှိသူနှင့် ချုပ်ဆိုထားသည် စာချုပ်ပါစည်းကမ်းချက်၏တစိတ်တစ်ပိုင်းဖြစ်စေ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့ပါက (သို့မဟုတ်) မှားယွင်းမှုတစုံတရာဖြစ်ပေါ်လာပါက ဘဏ်အာမခံအကျိုးခံစားခွင့်ရှိသူမှ လျော်ကြေးတောင်းခံလာလျှင် ကမ္ဘောဇ ဘဏ်မှ တာဝန်ယူပေးလျော်ရန်အတွက် အာမခံအတွက် ထိန်းသိမ်းထားသည့် ငွေမှ တစ်စိတ်တစ်ပိုင်းကိုသော် လည်းကောင်း သို့မဟုတ် အားလုံးကိုသော်လည်းကောင်း ကမ္ဘောဇဘဏ်မှ လိုအပ်သည့်အတိုင်း ထုတ်နုတ် ဖြတ်တောက်ခွင့် ရှိမည်ဖြစ်သည်။

၃၊၆။ ကမ္ဘောဇဘဏ်၏ ဘဏ်အာမခံချက်မှ ဖြစ်ပေါ်လာနိုင်သော ဖြစ်နိုင်ခြေရှိသော ကြွေးမြီများကို ကာမိရန် ဤဘဏ်အာမခံအပ်နှံငွေများကို လိုအပ်ပါက အသုံးပြုပိုင်ခွင့်ရှိမည်ဖြစ်သည်။

၃၊၇။ ဘဏ်အာမခံအပ်ငွေစာရင်းအတွက် ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်ခွဲများမှတဆင့် ငွေထုတ်ရန် သို့မဟုတ် အခြားငွေစာရင်းသို့ငွေလွှဲရန် ဘဏ်အာမခံအပ်ငွေစာရင်းစာအုပ်ကို ယူဆောင်လာရမည်။

၃၊၈။ ဘဏ်အာမခံအပ်ငွေစာရင်းအား အခြားကတ်စာရင်းများနှင့် ချိတ်ဆက်အသုံးပြုခြင်း၊ Account Linking (Account Sweep Linkage) လုပ်ဆောင်ခြင်းများအား ခွင့်မပြုပါ။ ဘဏ်အာမခံသည် CBS System တွင် Active ဖြစ်နေလျှင် ထိုဘဏ်အာမခံနှင့် ချိတ်ဆက် ဖွင့်လှစ်ထားသော ဘဏ်အာမခံအပ်ငွေစာရင်းအား စာရင်း ပိတ်သိမ်းခွင့်မပြုပါ။

၃၊၉။ ကမ္ဘောဇဘဏ်သည် ဘဏ်၏ အခကြေးငွေဇယားတွင် ဖော်ပြထားသကဲ့သို့ ဘဏ်အာမခံအပ်ငွေစာရင်းမှ အဖိုးအခများ ကောက်ခံခွင့် ရှိသည်။

၃၊၁၀။ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်ကအခါအားလျော်စွာ သတ်မှတ်သည့် အတိုးငွေများ ရပိုင်ခွင့်ရှိသည်။

၃၊၁၁။ ဘဏ်အာမခံအပ်ငွေစာရင်းရှိ လက်ကျန်ငွေသည် အနည်းဆုံးထားရှိရမည့်လက်ကျန်ငွေ လိုအပ်ချက် ပမာဏ ထက် လျော့နည်းနေမည်ဆိုပါက အတိုးရရှိနိုင်မည် မဟုတ်ပါ။

၃၊၁၂။ အချို့သော Transactions များ သို့မဟုတ် ဘဏ်အာမခံအပ်ငွေစာရင်းမှ ငွေထုတ်ခြင်းများကို သဘောတူညီ ထားသည့် စည်းကမ်းချက်များနှင့်အညီ သို့မဟုတ် ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့် မကိုက်ညီပါက ကမ္ဘောဇဘဏ်မှ ငြင်းပယ်နိုင်သည်။

၃၊၁၃။ ကမ္ဘောဇဘဏ်သည် လိုအပ်သည်ဟုယူဆပါက ကမ္ဘောဇဘဏ်၏ ဘဏ်အာမခံကိုဆက်လက်အာမခံရန်အတွက် အာမခံအပ်ငွေပမာဏကို တိုးမြှင့်ပေးရန် တောင်းဆိုပိုင်ခွင့်ရှိသည်။

## ၄။ ဘဏ်အာမခံအပ်ငွေစာရင်းစာအုပ်

၄.၁။ ဘဏ်အာမခံအပ်ငွေစာရင်းစာအုပ်သည် အပ်ငွေ၊ လွှဲပြောင်းငွေ၊ ထုတ်ယူငွေ၊ အဖိုးအခများ အားလုံး၏ စုစုပေါင်းများကို မှတ်တမ်းတင်ထားသည့် ကမ္ဘောဇဘဏ်က တရားဝင် ထုတ်ပေးသော စာအုပ် ဖြစ်သည်။

၄.၂။ ငွေအပ်နှံသူသည် ဘဏ်အာမခံအပ်ငွေစာရင်းစာအုပ် အသုံးပြုမှုနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ အသုံးပြုရမည်ဖြစ်ပြီး အသေးစိတ် အသုံးပြုမှုနှင့် အသေးစိတ်အချက်အလက်များကို ကမ္ဘောဇဘဏ်၏ Passbook အဖုံးအတွင်း ရိုက်နှိပ်ထားသည်။

၄.၃။ ငွေအပ်နှံသူသည် ဘဏ်အာမခံအပ်ငွေစာရင်းမှ ငွေထည့်သွင်းခြင်း၊ ငွေလွှဲပြောင်းခြင်းနှင့် ငွေထုတ်ယူခြင်း တို့အတွက် ဘဏ်အာမခံအပ်ငွေစာရင်းစာအုပ်အား ငွေအပ်နှံသူနှင့်တပါတည်း ယူဆောင်လာရမည် ဖြစ်သည်။

၄.၄။ ဘဏ်အာမခံအပ်ငွေစာရင်းစာအုပ်ကို လုံခြုံစွာသိမ်းထားရန်မှာ ငွေအပ်နှံသူ၏ တာဝန်သာဖြစ်သည်။ ဘဏ်အာမခံအပ်ငွေစာရင်းစာအုပ်အား အထားမှားခြင်း၊ ပျောက်ဆုံးခြင်း (သို့မဟုတ်) အခိုးခံရလျှင် သို့မဟုတ် ခွင့်ပြုချက်မရဘဲအသုံးပြုနေသည်ဟု သံသယရှိလျှင် ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်သို့ စာဖြင့် ချက်ခြင်းအကြောင်းကြားရမည်။

၄.၅။ ငွေအပ်နှံသူသည် တိကျသေချာမှုရှိစေရန် ဘဏ်အာမခံအပ်ငွေစာရင်းစာအုပ်တွင် ထည့်သွင်းမှုများကို ပုံမှန်စစ်ဆေးပြီး ကွဲလွဲမှုများရှိပါက ကမ္ဘောဇဘဏ်သို့ ချက်ခြင်းအကြောင်းကြားရမည်ဖြစ်သည်။

၄.၆။ ငွေအပ်နှံသူသည် Passbook တွင်ပါဝင်သည့်အချက်အလက်များအား အခွင့်မရှိဘဲအသုံးပြုခြင်း သို့မဟုတ် အလွဲသုံးစားပြုလုပ်ခြင်းမှ ကာကွယ်ရန်အတွက် လျှို့ဝှက်သတင်းအချက်အလက်အဖြစ် ထိန်းသိမ်းထားရမည် ဖြစ်သည်။

၄.၇။ ငွေအပ်နှံသူသည် ဘဏ်အာမခံအပ်ငွေစာရင်းစာအုပ် ကုန်ဆုံး (သို့မဟုတ်) ပျောက်ဆုံး (သို့မဟုတ်) ပျက်စီးသွားခြင်းအတွက် သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ ဘဏ်ဝန်ဆောင်ခများ ပေးဆောင်၍ အစားထိုး Passbook အသစ် ထုတ်ပေးရန် တောင်းခံခွင့်ရှိသည်။

## ၅။ ငွေအပ်နှံသူ၏ တာဝန်ဝတ္တရားများ

၅.၁။ ငွေအပ်နှံသူသည် ဘဏ်အာမခံအပ်ငွေစာရင်းတွင် ဘဏ်အာမခံငွေပမာဏကို ထုတ်ယူခြင်းမပြုလုပ်ဘဲ ထိန်းသိမ်းထားရှိရန် တာဝန်ရှိမည်ဖြစ်သည်။

၅.၂။ ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအရ ငွေအပ်နှံသူ၏ ဘဏ်အာမခံတာဝန်ဝတ္တရားများနှင့်စပ်လျဉ်း၍ ကမ္ဘောဇဘဏ်၏ ကြွေးမြီတာဝန်များအတွက် ဤဘဏ်အာမခံအပ်ငွေစာရင်းဖြစ်စေ၊ ငွေအပ်နှံသူ(များ)၏ အခြားစာရင်းတစ်ခုခုမှဖြစ်စေ (သို့မဟုတ်) ငွေအပ်နှံသူ(များ)အနက် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူများရရန်ရှိငွေစာရင်းတစ်ခုမှ ယခုဖြစ်စေ၊ နောက်တွင်ဖြစ်စေ တည်ရှိမည့် ငွေရပ်မှ ပေးရန်ငွေအားလုံးကို ကမ္ဘောဇဘဏ်က ထိန်းသိမ်းခွင့်ရှိသည်ကို ငွေအပ်နှံသူ(များ)က သိရှိနားလည် သဘောတူပါသည်။

၅.၃။ ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအရ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူ၏ ဘဏ်အာမခံအပ်ငွေစာရင်းအား မည်သည့်ငွေပေးချေမှုကိုမဆို ပြုလုပ်နိုင်သည့် အခွင့်အာဏာရှိကြောင်း ငွေအပ်နှံသူ(များ)မှ သိရှိသဘောတူပါသည်။

၅.၄။ ငွေအပ်နှံသူသည် ၎င်း၏ဘဏ္ဍာရေးအခြေအနေ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများတွင် ဘဏ်အာမခံအပ်ငွေစာရင်းအပေါ် သက်ရောက်မှုရှိနိုင်သည့် အပြောင်းအလဲများရှိပါက ကမ္ဘောဇဘဏ်အား ချက်ချင်း အကြောင်းကြားရန် သဘောတူသည်။

၅.၅။ ငွေအပ်နှံသူ၏ ပေးရန်ကျန်ရှိသော အကြွေးများ၊ အခကြေးငွေများ သို့မဟုတ် ကြွေးမြီများကို ဘဏ်အာမခံအပ်ငွေစာရင်းထဲရှိ လုံလောက်သောငွေပမာဏကို ကမ္ဘောဇဘဏ်မှနုတ်ယူပိုင်ခွင့်ရှိသည်။

၅.၆။ ငွေအပ်နှံသူသည် ဘဏ်အာမခံအပ်ငွေစာရင်းတွင်ထားရှိလိုသည့် ပမာဏ နှင့် ဝန်ဆောင်ခ အပါအဝင်တို့အား ကမ္ဘောဇဘဏ်သို့ အပြည့်အဝ ပေးသွင်းထားရပါမည်။ ထို့အပြင်ထားရှိသည့် ဘဏ်အာမခံတန်ဖိုးပေါ်တွင် ဘဏ်အနေဖြင့်ဝန်ဆောင်ခအဖြစ် နှစ်စဉ်ကြေးကောက်ခံမည်ဖြစ်ပါသည်။

၅.၇။ ငွေအပ်နှံသူသည် သက်ဆိုင်ရာ ဘဏ်စည်းမျဉ်းများ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး (AML) လိုအပ်ချက်များနှင့် ဘဏ်အာမခံအပ်ငွေစာရင်းအတွက် သက်ဆိုင်သည့် အခြားဥပဒေဆိုင်ရာ တာဝန်များအား လိုက်နာရမည်ဖြစ်သည်။

၅.၈။ ငွေအပ်နှံသူသည် ဘဏ်အာမခံအပ်ငွေစာရင်း၏ စည်းမျဉ်းစည်းကမ်းများအပြင် ကမ္ဘောဇဘဏ်၏ မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။

## ၆။ သက်တမ်းတိုးခြင်းနှင့် သက်တမ်းကုန်ဆုံးခြင်း

၆.၁။ ငွေအပ်နှံသူသည် ဘဏ်အာမခံစည်းကမ်းချက်များအပေါ်မူတည်၍ ထားရှိရမည့် ဘဏ်အာမခံငွေပမာဏအား ဘဏ်အာမခံအပ်ငွေစာရင်းတွင် ဘဏ်အာမခံသက်တမ်းအတိုင်း ထိန်းသိမ်းထားရန် လိုအပ်ပါသည်။

၆.၂။ ငွေအပ်နှံသူ၏ ဘဏ်အာမခံခြင်းပြီးဆုံးခြင်း မရှိသေးပါက ဘဏ်အာမခံအပ်ငွေစာရင်းအား သက်တမ်းတိုး ဆောင်ရွက်နိုင်ပါသည်။

၆.၃။ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူတင်ပြလာသည့် ငွေအပ်နှံသူနှင့် ဘဏ်အာမခံအကျိုးခံစားခွင့်ရှိသူတို့အကြား ချုပ်ဆိုထားသည့် စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ စာရင်းရှင်းလင်းမှုနှင့် ဘဏ်အာမခံပယ်ဖျက်မှု အပေါ်မူတည်၍ ဘဏ်မှရရှိသည်များရှိပါက နုတ်ယူဖြတ်တောက်ပြီး ဘဏ်အာမခံအပ်ငွေစာရင်းရှိ ဘဏ်အာမခံအတွက် ထိန်းသိမ်းထားသည့် ငွေပမာဏအား ကမ္ဘောဇဘဏ်၏ ဘဏ်မူဝါဒများနှင့်အညီ ငွေအပ်နှံသူသို့ ပြန်လည်ပေးအပ်သွားမည်ဖြစ်သည်။

၆.၄။ ဘဏ်အာမခံသက်တမ်းတိုးပါက သို့မဟုတ် စည်းကမ်းချက်များ၌ အပြောင်းအလဲများရှိလျှင် ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်သို့ စာဖြင့်ချက်ခြင်းအကြောင်းကြားခြင်းပြုလုပ်ရမည်ဖြစ်သည်။

## ၇။ လွှဲပြောင်းနိုင်မှု

၇.၁။ ငွေအပ်နှံသူသို့ ပေးအပ်ထားသည့် ဘဏ်အာမခံအပ်ငွေစာရင်းနှင့် သက်ဆိုင်ရာဝန်ဆောင်မှုများကို မည်သည့် အခြေအနေ၌မဆို လွှဲပြောင်းခွင့်မရှိဘဲ ငွေအပ်နှံသူတစ်ဦးတည်းကသာ အသုံးပြုရမည်။

၇.၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏အခွင့်အရေး၊ အကျိုးခံစားခွင့် (သို့မဟုတ်) တာဝန်များအားလုံးကို မည်သူ့ကိုမဆို လွှဲပြောင်း၊ လွှဲအပ် (သို့မဟုတ်) ရောင်းချခွင့်ရှိပြီး ဤစည်းကမ်းချက်များသည် ကမ္ဘောဇဘဏ်ကိုဆက်ခံသူ၊ လွှဲပြောင်းလက်ခံသူများ၏ အကျိုးအတွက် ဆက်လက်အာဏာသက်ရောက်စေရမည်။

၇.၃။ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူတစ်ဦး ရူးသွပ်သွားသည့်အခါတွင်ဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာကြောင့် ငွေအပ်နှံသူအနေဖြင့် မိမိ၏အမှုကိစ္စများကို ဆောင်ရွက်နိုင်စွမ်း မရှိသည့်အခါတွင်ဖြစ်စေ၊ ၎င်းအား တရားဝင်အုပ်ထိန်းသူ (သို့မဟုတ်) တရားဝင်ကိုယ်စားလှယ်ကို ကမ္ဘောဇဘဏ်၏ သတ်မှတ်သည့် နည်းလမ်းများ အတိုင်း အပ်နှံငွေကို ထုတ်ပေးရမည်။

၇.၄။ အရွယ်ရောက်ပြီး နှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပို တွဲဖက်၍ ဘဏ်အာမခံအပ်ငွေစာရင်းဖွင့်လှစ်ထားသည့် ငွေစာရင်းပိုင်ရှင်များမှ တစ်ဦးဦး သေဆုံးသည့်အခါမျိုးတွင် ကျန်ရှိသူ ငွေစာရင်းပိုင်ရှင်(များ) (သို့မဟုတ်) အကျိုးခံစားခွင့်ရှိသူများမှ ငွေထုတ်ယူခွင့်ရှိသည်။

၇.၅။ အကျိုးခံစားခွင့် လွှဲအပ်ထားခြင်းမရှိသော ငွေအပ်နှံသူ သေဆုံးပါက အပ်နှံငွေလက်ကျန်ကို အမွေထိန်းစာလက်မှတ် (သို့မဟုတ်) အမွေဆက်ခံခွင့်လက်မှတ် တင်ပြခြင်းဖြင့်ဖြစ်စေ သို့မဟုတ် တင်ပြရန်မလိုဘဲဖြစ်စေ ကမ္ဘောဇဘဏ်မှသတ်မှတ်ထားသည့် လိုအပ်သည့် စာရွက်စာတမ်းများ တင်ပြနိုင်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင်မွေးစားထားသော သားသမီး (သို့မဟုတ်) ယင်းတို့မရှိလျှင် မြေး သို့မဟုတ် ယင်းတို့မရှိလျှင် မိဘ၊ ညီအစ်ကို၊ မောင်နှမအား ထုတ်ပေးရမည်။

၇.၆။ ငွေအပ်နှံသူ၏ သေဆုံးမှု သို့မဟုတ် စိတ်ပေါ့သွပ်မှုဖြစ်ရပ်တွင်၊ ငွေအပ်နှံသူ၏ ဆက်ခံခွင့်ရှိသူ သို့မဟုတ် သတ်မှတ်ထားသော ပူးတွဲငွေအပ်နှံသူ (များ) သည် ဘဏ်အာမခံနှင့် ဆက်စပ်သော တာဝန်များနှင့်ဆက်လျဉ်း၍ တာဝန်ရှိမည်ဖြစ်သည်။

၇.၇။ ဆက်ခံသူ(များ) သို့မဟုတ် ပူးတွဲငွေအပ်နှံသူ(များ)သည် ကျိုးကြောင်းဆီလျော်သောကာလတစ်ခုအတွင်း ဘဏ်အာမခံအပ်ငွေစာရင်းအတွက် တာဝန်ယူရန် ပျက်ကွက်ခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် ပျက်ကွက်ပါက၊ ကျန်ရှိနေသော တာဝန်ဝတ္တရားများကို ဆက်လက်တာဝန်ရှိမှုသေချာစေရန်အတွက် ကမ္ဘောဇဘဏ်မှ လိုအပ်သည့် ဥပဒေအတိုင်း အရေးယူဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ၈။ ကြွေးမြီတာဝန်များ

ကမ္ဘောဇဘဏ်၏ စာဖြင့်ကြိုတင်ခွင့်ပြုချက်မရဘဲ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်ရှိ ဘဏ်အာမခံအပ်ငွေစာရင်းမှ သော်လည်းကောင်း၊ ယင်းစာရင်းထဲရှိ ငွေတစ်ခုခုမှသော်လည်းကောင်း၊ ကြွေးမြီတာဝန်တစ်ခုခု (သို့မဟုတ်) အခြားသော အဖွဲ့၏ အကျိုးစီးပွားတစ်ခုခု ဖန်တီးခြင်း၊ ဖြစ်ပေါ်ခွင့်ပြုခြင်းတို့ မဖြစ်စေရ။

## ၉။ နုတ်ယူပိုင်ခွင့်

ငွေအပ်နှံသူသည် အခြားလူပုဂ္ဂိုလ်မှဖြစ်စေ၊ ကမ္ဘောဇဘဏ်မှဖြစ်စေ သို့မဟုတ် မည်သည့်အကြောင်းပြချက်ကြောင့်ဖြစ်စေ မှားယွင်းလွှဲပြောင်းမိသောကြောင့် ၎င်း၏ဘဏ်အာမခံအပ်ငွေစာရင်းတွင် ပိုနေသော ငွေများကို ပြန်ပေးရန် တာဝန်ရှိပါသည်။

ယင်းပိုငွေများသည် ငွေအပ်နှံသူ၏ ရပိုင်ခွင့်ရှိသည့် ငွေများမဟုတ်သည့်အားလျော်စွာ မည်သည့်ကန့်သတ်ချက်၊ အသိပေးချက်မှပေးပို့ခြင်းမရှိဘဲ သို့မဟုတ် လျော်ကန်သင့်မြတ်သည့် နည်းလမ်းအရပ်ရပ်ဖြင့် နုတ်ယူနိုင်သည်။

## ၁၀။ စွန့်လွှတ်မှု

၁၀.၁။ ဤစည်းကမ်းချက်ပါ ရပိုင်ခွင့်၊ အာဏာ (သို့မဟုတ်) အခွင့်အရေးကိုကျင့်သုံးရန် ကမ္ဘောဇဘဏ်ကပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းသည် စွန့်လွှတ်ခြင်းမမှတ်ယူရပါ။ ထို့အတူ ရပိုင်ခွင့်၊ အာဏာ သို့မဟုတ် အခွင့်အရေးကို တစ်ခုတည်း သို့မဟုတ် တစ်စိတ်တစ်ပိုင်းတည်း ကျင့်သုံးမှုသည်လည်း အခွင့်အရေးများကို စွန့်လွှတ်ခြင်း မမြောက်စေရ။

၁၀.၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ဥပဒေအရပေးအပ်ထားသော အခွင့်အရေး သို့မဟုတ် ကုစားမှုတို့အပြင် ဤစည်းကမ်းချက်များတွင် ဖော်ပြထားသော ကမ္ဘောဇဘဏ်၏အခွင့်အရေးများနှင့် ကုစားမှုများအား ထပ်ပေါင်းထည့်ထားခြင်းဖြစ်သည်။

## ၁၁။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

ဤဝန်ဆောင်မှုကို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးနေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်၊ စစ်ဖြစ်ပွားမှု၊ ဆန္ဒပြမှု သို့မဟုတ် အလုပ်သမားအငြင်းပွားမှု၊ ကုန်သွယ်ရေးပိတ်ပင်မှု၊ အစိုးရအမိန့်၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မုန်တိုင်း သို့မဟုတ် အလွန်ဆိုးရွားသည့်ရာသီဥတုအခြေအနေများ၊ ဆူပူအုံကြွမှု၊ ပုန်ကန်မှု၊ လူထုမငြိမ်မသက်ဖြစ်မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှု၊ သပိတ်မှောက်မှု၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု၊ စက်ချွတ်ယွင်းမှု သို့မဟုတ် အခြားသောမလွန်ဆန်နိုင်သော ဖြစ်ရပ်များသာဖြစ်သည်ဟု ကန့်သတ်ထားမှု မရှိသော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ကမ္ဘောဇဘဏ်မှ ကျိုးကြောင်းဆီလျော်စွာ ထိန်းချုပ်နိုင်မှုထက် ကျော်လွန်နေသည့် ဖြစ်ရပ်များကြောင့် အချိန်ကာလတစ်ရပ်အထိ ဖြစ်ပေါ်လာရသည့် မည်သည့်လုပ်ငန်း ဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးမှုဖြစ်ခြင်းများအတွက်မဆို ကမ္ဘောဇဘဏ်တွင် တာဝန်မရှိကြောင်းကို ငွေအပ်နှံသူသည် နားလည်သဘောတူပါသည်။ ကမ္ဘောဇဘဏ် သည် ယင်းသို့သော အခြေအနေများကြောင့် အဟန့်အတားဖြစ်ခြင်း၊ အတားအဆီးဖြစ်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းများ ကြုံတွေ့နေရသည့် အတိုင်းအတာအပေါ်မူတည်၍ အဆိုပါအခြေအနေများ ပြီးဆုံးသွားသည့် အချိန်အထိ ကမ္ဘောဇဘဏ်က ပေးနေသည့်ဤဝန်ဆောင်မှုအား ဆိုင်းငံ့ထားမည်ဖြစ်သည်။ ထိုသို့သော အခြေအနေများ ဆက်လက်ဖြစ်ပျက်နေစဉ်ကာလအတွင်း ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန်ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ကမ္ဘောဇဘဏ်အနေဖြင့် ငွေအပ်နှံသူအပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးဦးအပေါ်တွင် ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရပါ။

## ၁၂။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် စီးပွားရေးအရေးယူမှုများ

၁၂.၁။ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ နှင့်သဘောတူညီချက်ပြုလုပ်ခြင်း သို့မဟုတ် ၎င်းတို့ ပါဝင်သည့်

transaction များပြုလုပ်ခြင်းများမှ ကမ္ဘောဇဘဏ်အားတားဆီးပိတ်ပင်မှုပြုလုပ်နိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သို့မဟုတ် အခြားသောနိုင်ငံများ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေများကို ကမ္ဘောဇဘဏ်က လိုက်နာရပါသည်။

၁၂.၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏ငွေကြေးခဝါချမှုတိုက်ဖျက်ရေး သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး နှင့် စီးပွားကုန်သွယ်မှုပိတ်ဆို့အရေးယူမှုများ ကိုစီမံခန့်ခွဲရေး သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်အခြားသောဥပဒေနှင့်စည်းမျဉ်းများနှင့်မဆို ကိုက်ညီမှုရှိစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်အားလုံးကို ငွေအပ်နှံသူကပေးအပ်ရမည်။

၁၂.၃။ မည်သည့် transaction မျိုးမဆိုအတွက်မဆို ကမ္ဘောဇဘဏ်ကဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ဥပဒေများကိုသော်လည်းကောင်း၊ အခြားမည်သည့်နိုင်ငံမဆို၏ဥပဒေများကိုသော်လည်းကောင်း ချိုးဖောက်မှုမရှိကြောင်း ငွေအပ်နှံသူကထုတ်ဖော်ကြေညာပြီး တာဝန်ယူသည်။

## ၁၃။ လျော်ကြေးအာမခံခြင်း

၁၃.၁။ ဘဏ်အာမခံအပ်ငွေစာရင်း လုပ်ဆောင်မှု သို့မဟုတ် အသုံးပြုမှု ကြောင့်ပေါ်ပေါက် လာရသည့် အခြားသောဆုံးရှုံးမှု၊ ဤစည်းကမ်းချက်တစ်ခုခုကို ငွေအပ်နှံသူက ချိုးဖောက်မှု၊ လိုက်နာဆောင်ရွက်ခြင်းမရှိမှု သို့မဟုတ် ပြည့်စုံလုံလောက်စွာဆောင်ရွက်ခြင်းမရှိမှု သို့မဟုတ် ၎င်း၏တာဝန်များ ဆောင်ရွက်ရာတွင် ငွေအပ်နှံသူ မှ အမှားအယွင်းဖြစ်ခြင်း၊ ကိုယ်စားပြုခြင်း၊ ကိုယ်စားပြုမှုမှားယွင်းခြင်း၊ မသမာမှုပြုခြင်း၊ ပေါ့ဆမှုများကြောင့် ဖြစ်ပေါ်လာသည့် မည်သည့်တာဝန်ရှိမှု၊ မည်သည့် အခြားဆုံးရှုံးမှုကိုမျှ ကမ္ဘောဇဘဏ်ကတာဝန်မရှိစေရန်၊ ငွေအပ်နှံသူသည် သူ/သူမ၏ ကိုယ်ပိုင် ကုန်ကျစရိတ်ဖြင့် ကမ္ဘောဇဘဏ်ကိုလျော် ကြေးပေးရန်၊ ကမ္ဘောဇဘဏ်အား ယင်းတို့မှ အကာအကွယ်ပေးရန်နှင့် ကမ္ဘောဇဘဏ်တွင်ထိခိုက်နစ်နာမှုမဖြစ်စေရန် ငွေအပ်နှံသူကသဘောတူသည်။

၁၃.၂။ မည်သည့်အခြေအနေမျိုးတွင်မဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အကျိုးဆက်ဖြစ်သည့် ပျက်စီးဆုံးရှုံးမှုများကြောင့်ဖြစ်စေ ပေါ်ပေါက်လာရသော ဆုံးရှုံးမှုများအတွက် ကမ္ဘောဇဘဏ်က ငွေအပ်နှံသူကို ပေးရန် တာဝန်မရှိစေရ။

၁၃.၃။ ဤစည်းကမ်းချက်ပါ တာဝန်တစ်ခုခုကိုဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ငွေအပ်နှံသူအနေဖြင့် (တိုက်ရိုက်ဖြစ်စေ (သို့) သွယ်ဝိုက်၍ဖြစ်စေ) ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု၊ နစ်နာမှု၊ အငြင်းပွားမှု အစ ရှိသည့် ကိစ္စရပ်များအတွက် ကမ္ဘောဇဘဏ်တွင်တာဝန်မရှိစေရပါ။

၁၃.၄။ ကမ္ဘောဇဘဏ်မှ ကောက်ခံရရှိသည့် ချက်လက်မှတ်၊ ပြေစာ သို့မဟုတ် အခြားစာရွက်စာတမ်းတစ်ခုပေါ်တွင် ငွေအပ်နှံသူ၏ ထောက်ခံချက် သို့မဟုတ် ထုတ်ပေးကြောင်း အာမခံချက်ဖြင့် ငွေအပ်နှံသူ၏ တောင်းဆိုဖော်ပြချက်အရ ပေးအပ်ခဲ့သည့် ကိစ္စတိုင်းတွင် ကမ္ဘောဇဘဏ်မှ မည်သည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက်မဆို ငွေအပ်နှံသူတွင်သာ တာဝန်ရှိစေမည်ဖြစ်သည်။

၁၃.၅။ ငွေအပ်နှံသူ၏ ကမ္ဘောဇဘဏ်ရှိ ဘဏ်အာမခံအပ်ငွေစာရင်းနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်သည် ဤစည်းကမ်းချက်ပါ ကမ္ဘောဇဘဏ်၏ လုပ်ပိုင်ခွင့်များဆောင်ရွက်ရာတွင် ညွှန်ကြားချက်များလက်ခံခြင်း၊

ဖက်စ်ပေးပို့ခြင်းနှင့် အခြားဆက်သွယ်ရေး (သို့မဟုတ်) အီလက်ထရောနစ် ညွှန်ကြားချက်များအား ဆောင်ရွက်ခြင်း(သို့မဟုတ်) ဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကြောင့် ကမ္ဘောဇဘဏ်မှဖြစ်ပေါ်လာနိုင်သည့် အရေးယူမှုများ၊ တရားစွဲဆိုမှုများ၊ တောင်းဆိုမှုများ၊ နစ်နာဆုံးရှုံးမှုများ၊ ကုန်ကျမှုများ၊ အတိုး (တရားစီရင်ဆုံးဖြတ်မှုမတိုင်မီနှင့် ဆုံးဖြတ်ပြီး နောက်နှစ်ခုလုံး အပါအဝင်)နှင့် ကုန်ကျစရိတ်များ (ရှေ့နေနှင့်အမှုသည်ကြားအခြေခံသည့် ဥပဒေရေးရာ စရိတ်အပါအဝင်) စသည်တို့အတွက် ငွေအပ်နှံသူတွင်သာ တာဝန်ရှိစေမည်ဖြစ်သည်။

၁၃၊၆။ ဘဏ်အာမခံအပ်ငွေစာရင်းကို ပိတ်သိမ်းလင့်ကစား အထက်ဖော်ပြပါ အာမခံချက်များမှာ ဆက်လက်တည်ရှိရမည်။

## ၁၄။ အချက်အလက် ထုတ်ဖော်ပြောကြားခြင်း

၁၄၊၁။ ကမ္ဘောဇဘဏ်သည် သက်ဆိုင်ရာဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်သည့်အခါ သို့မဟုတ် ကမ္ဘောဇဘဏ်မှ လိုအပ်သည် သို့မဟုတ် အထောက်အကူပြုသည်ဟုယူဆသည့်အခါ (ငွေအပ်နှံသူတစ်ဦးတည်း ဖြစ်စေ၊ အခြားသူများနှင့်ပူးတွဲ၍ဖြစ်စေ ကမ္ဘောဇဘဏ်မှရယူထားသည့်ဝန်ဆောင်မှုများ၊ ချေးငွေတစ်ခုခု၏ ကြွေးမြီ ဆန်းစစ်မှု ရည်ရွယ်ချက်အပါအဝင်) ငွေအပ်နှံသူနှင့်ဆိုင်သော အချက်အလက်များ၊ သူ/ သူမ ၏ ငွေစာရင်း(များ)၊ သို့မဟုတ် ရရန်ပိုင်ခွင့်များ သို့မဟုတ် ချေးငွေများနှင့် မည်သည့် အချက် အလက် မဆိုကို ငွေအပ်နှံသူ၏ ကိုယ်စား အောက်ပါတို့ထံသို့ ကမ္ဘောဇဘဏ်အားပေးခွင့်ပြုသည်-

၁၄၊၁၊၁။ ကမ္ဘောဇဘဏ်၏ ရုံးချုပ်၊ အဖွဲ့ဝင်ကုမ္ပဏီ၊ ဘဏ်ခွဲ သို့မဟုတ် လက်အောက်ခံတစ်ခုခု၊

၁၄၊၁၊၂။ စာရင်းစစ်များ၊ ကျွမ်းကျင်အကြံပေးများနှင့်လျှို့ဝှက်ထားရှိရန် တာဝန်နှင့်သက်ဆိုင်သည့် အခြားပုဂ္ဂိုလ် (များ)၊

၁၄၊၁၊၃။ ကမ္ဘောဇဘဏ်ကွန်ပျူတာစနစ်များကိုရောင်းချသူ၊ တပ်ဆင်ပေးသူ၊ ပြင်ဆင်ထိန်းသိမ်းသူ သို့မဟုတ် ပြုပြင်ပေးသူများ၊

၁၄၊၁၊၄။ ကမ္ဘောဇဘဏ်၊ ဘဏ်ရုံးချုပ် သို့မဟုတ် ဘဏ်ခွဲတစ်ခုခုအပေါ်၊ သို့မဟုတ် ငွေအပ်နှံသူ သို့မဟုတ် ငွေအပ်နှံသူ၏ ဘဏ်အာမခံအပ်ငွေစာရင်းကဆောင်ရွက်သည့် ငွေကြေးလုပ်ငန်းများအပေါ် စီရင်ပိုင်ခွင့်ရှိသော စတော့အိတ်ချိန်း၊ ဈေးကွက် သို့မဟုတ် အာဏာပိုင်တစ်ခုခု၊

၁၄၊၁၊၅။ အဆိုပါတောင်းဆိုမှု သို့မဟုတ် မေတ္တာရပ်ခံမှုကို လုပ်ခွင့်ရှိသောအဖွဲ့တစ်ခုခု၊

၁၄၊၁၊၆။ စည်းကမ်းချက်များအရ မိမိ၏အခွင့်အရေး၊ တာဝန် သို့မဟုတ် စွန့်စားရမှုများကို ရောင်းချရန် သို့မဟုတ် လွှဲအပ်ရန် သို့မဟုတ် မျှဝေရန် ကမ္ဘောဇဘဏ်ကပဋိညာဉ်ပြုသူ သို့မဟုတ် ပဋိညာဏ် ပြုရန် ကမ်းလှမ်းသူ တစ်ဦးဦး၊

၁၄၊၁၊၇။ ငွေအပ်နှံသူ၏ ငွေစာရင်း(များ) သို့မဟုတ် ချေးငွေများ သို့မဟုတ် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခြင်း နှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုများပေးရန်အတွက် ကမ္ဘောဇဘဏ်ကပဋိညာဉ်ပြုသူ သို့မဟုတ် ပဋိညာဏ်ပြု ရန် ကမ်းလှမ်းသူတစ်ဦးဦး (အေးဂျင့်၊ ကန်ထရိုက်တာ၊ သို့မဟုတ် တတိယအဖွဲ့ဝန်ဆောင်မှုပေးသူများ အပါအဝင်)၊

၁၄။၁။၈။ ငွေအပ်နှံသူနှင့်ဆက်ဆံရန် သို့မဟုတ် ငွေအပ်နှံသူကိုဝန်ဆောင်မှုပေးရန် သို့မဟုတ် ငွေအပ်နှံသူ၏ ငွေစာရင်းများ၊ ချေးငွေများဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ ဆက်ဆံရေး အရာရှိများအပါအဝင် ကမ္ဘောဇဘဏ်၊ ကမ္ဘောဇဘဏ်၏ရုံးချုပ် သို့မဟုတ် အဖွဲ့ဝင်ကုမ္ပဏီက ခန့်ထား သည့် သို့မဟုတ် အေးဂျင့်အဖြစ်ပါဝင် စေသည့် ပုဂ္ဂိုလ်တစ်ဦးဦး၊

၁၄။၁။၉။ ဒေတာတွက်ချက်မှုနှင့် အခြားအုပ်ချုပ်ရေးလုပ်ငန်းများကို ကမ္ဘောဇဘဏ်က ဗဟိုထိန်းချုပ်နိုင်ရန် သို့မဟုတ် အထက်ပါဝန်ဆောင်မှု/လုပ်ငန်းများအတွက် ကမ္ဘောဇဘဏ်၏ရုံးချုပ်၊ ယင်း၏ အဖွဲ့ဝင်များ သို့မဟုတ် တတိယအဖွဲ့ များသို့ လုပ်ငန်းအပ်နှံနိုင်ရန် ဆောင်ရွက်ခြင်း၊

၁၄။၁။၁၀။၎င်း/သူ/သူမ၏တာဝန်ကိုထမ်းဆောင်ရာတွင် ငွေအပ်နှံသူကပြစ်ချက်ကျူးလွန်သည့် ဖြစ်ရပ်တွင် အစိုးရ/ စည်းကမ်းထိန်းသိမ်းရေး/တရားရေးအာဏာပိုင် တစ်ဦးဦးထံသို့ ပေး အပ်ခြင်း၊

၁၄။၂။ မည်သူမျှ ဘဏ်အာမခံအပ်ငွေစာရင်းစာအုပ်တွင်ပါရှိသော ကမ္ဘောဇဘဏ်၏ တရားဝင် ရေးသွင်းချက် တစ်စုံတရာကို ပြင်ဆင်ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်းများ မပြုလုပ်ရပါ။

## ၁၅။ အထွေထွေ

၁၅။၁။ ကမ္ဘောဇဘဏ်သို့ ငွေအပ်နှံသူကပေးထားသည့် ငွေအပ်နှံသူ၏လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း၊ email address၊ အဓိကသက်သေခံစာရွက်စာတမ်းများ (မှတ်ပုံတင်/နိုင်ငံကူးလက်မှတ် စသည်) သို့မဟုတ် အခြား အချက်အလက်တစ်ခုခု အပြောင်းအလဲဖြစ်ပါက ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်သို့ ဖြစ်နိုင်သမျှစောလျင်စွာ အကြောင်းကြားရမည်။

၁၅။၂။ ငွေအပ်နှံသူသည် သူ/သူမ၏ ဘဏ်အာမခံအပ်ငွေစာရင်းကို ပိတ်သိမ်းရန်ရွေးချယ်ပါက ကမ္ဘောဇဘဏ်၏ ဘဏ်ခွဲသို့ ငွေအပ်နှံသူ သည် ကိုယ်တိုင်လာရောက်ရမည်။ သို့ရာတွင် ဘဏ်အာမခံသည် တည်ရှိနေသေးပါက ငွေအပ်နှံသူသည် ဘဏ်အာမခံအပ်ငွေစာရင်းကို ပိတ်၍မရပါ။

၁၅။၃။ ငွေအပ်နှံသူသည် ဘဏ်အာမခံအပ်ငွေစာရင်းအား ကမ္ဘောဇဘဏ်မှထုတ်ပေးသည့် ဘဏ်အာမခံသည် အသက်ဝင်နေသည့်ကာလ သို့မဟုတ် ကမ္ဘောဇဘဏ်၏ ဘဏ်အာမခံချက်ပြီးဆုံးချိန်အထိ သို့မဟုတ် ငွေအပ်နှံသူ၏ဘဏ်အာမခံပြီးဆုံးသည်ဟု ကမ္ဘောဇဘဏ်မှမထုတ်ပြန်မချင်း ငွေအပ်နှံသူသည် ဘဏ်အာမခံအပ်ငွေစာရင်းအား ထိန်းသိမ်းထားရမည်ကို သိရှိသဘောတူပါသည်။

၁၅။၄။ ဘဏ်အာမခံ၏ သက်တမ်းကုန်ဆုံးချိန် သို့မဟုတ် ကမ္ဘောဇဘဏ်၏ ဘဏ်အာမခံချက်ပြီးဆုံးချိန်တွင် ငွေအပ်နှံသူသည် ဘဏ်အာမခံအပ်ငွေစာရင်းအား ပိတ်သိမ်းလိုပါက တောင်းဆိုချက်ကို ကမ္ဘောဇဘဏ်ထံ စာဖြင့်ရေးသား၍ တောင်းဆိုရမည်ဖြစ်သည်။

၁၅။၅။ ကမ္ဘောဇဘဏ်က ဘဏ်အာမခံ၏ သက်တမ်းကုန်ဆုံးချိန် သို့မဟုတ် ကမ္ဘောဇဘဏ်၏ ဘဏ်အာမခံချက်ပြီးဆုံး၍ ငွေအပ်နှံသူ၏ ဘဏ်အာမခံအပ်ငွေစာရင်း ပိတ်သိမ်းရန် တောင်းဆိုချက်ကို လက်ခံရရှိသည်နှင့်တပြိုင်နက် ကမ္ဘောဇဘဏ်၏ ငွေစာရင်းပိတ်သိမ်းခြင်း မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ်အာမခံအပ်ငွေစာရင်းကို ပိတ်သိမ်း ပေးမည်ဖြစ်ပါသည်။

၁၅။၆။ ငွေအပ်နှံသူသည် ဘဏ်အာမခံအပ်ငွေစာရင်း ကို ပိတ်သိမ်းသည့်အခါ၊ သူ/သူမ၏ချက်စာအုပ် (သို့မဟုတ်) ကမ္ဘောဇဘဏ် စာအုပ်ကို ကမ္ဘောဇဘဏ်သို့ ချက်ခြင်းပြန်လည်ပေးအပ်ရမည်။ ငွေအပ်နှံသူ၏ ဘဏ်အာမခံအပ်ငွေစာရင်းအတွင်း ကျန်ရှိသည့် ငွေကြေးအားလုံးကို ငွေစာရင်း ပိတ်သိမ်းချိန်တွင် ငွေအပ်နှံသူထံသို့ ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော ဘဏ်၏မူဝါဒများ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ပြန်လည် ပေးအပ်မည် ဖြစ်သည်။ ကမ္ဘောဇဘဏ်သည် ကမ္ဘောဇဘဏ်တွင် ဖွင့်လှစ်ထားသော ငွေအပ်နှံသူ၏ ငွေစာရင်းနှင့် သက်ဆိုင်သည့် အချက်အလက်များကို စစ်ဆေးမည်ဖြစ်ပြီး ကမ္ဘောဇဘဏ်ထံသို့ ငွေအပ်နှံသူကပေးရန် ကျန်ရှိသည့် ပမာဏအတွက် မည်သည့်စာရင်းမှမဆို ကမ္ဘောဇဘဏ်က နှုတ်ယူပိုင်ခွင့်ရှိသည်။ ထိုလုပ်ငန်းစဉ်များပြီးနောက် ကျန်ရှိသည့် လက်ကျန်ငွေများအားလုံးကို Account transfer ပြုလုပ်ခြင်း သို့မဟုတ် home branch သို့မဟုတ် ငွေအပ်နှံသူနှင့် နီးစပ်ရာ ကမ္ဘောဇဘဏ်ခွဲများတွင် ငွေသားထုတ်ယူခြင်းများ ပြုလုပ်နိုင်ရန် ဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။

၁၅။၇။ လုံလောက်သောအကြောင်းရင်းများအတွက် ငွေစာရင်းကို မည်သည့်အချိန်၌မဆို ကမ္ဘောဇဘဏ်က ပိတ်သိမ်း ခွင့်ရှိပြီး ကမ္ဘောဇဘဏ်က အခါအားလျော်စွာသတ်မှတ်ထားသည့်အချိန်ကာလအထိ လက်ကျန်ငွေ "သုည (၀)" သို့မဟုတ် ကမ္ဘောဇဘဏ်မှသတ်မှတ်ထားသော အနည်းဆုံးလက်ကျန်ငွေပမာဏအောက် လျော့နည်းနေသော ငွေစာရင်းများ ကိုလည်း ကမ္ဘောဇဘဏ်ကပိတ်သိမ်းခွင့်ရှိသည်။

၁၅။၈။ ကမ္ဘောဇဘဏ်က အခါအားလျော်စွာ သတ်မှတ်ထားသည့်ကာလတစ်ခုအထိ ဘဏ်အာမခံအပ်ငွေစာရင်းသည် အထုတ်အသွင်းမရှိလျှင် သို့မဟုတ် စာရင်းသေဖြစ်နေလျှင် ထိုဘဏ်အာမခံအပ်ငွေစာရင်းကို ကမ္ဘောဇဘဏ်က ပိတ်ပင်ခြင်း/ ယာယီရပ်ဆိုင်းခြင်းတို့ကို ပြုလုပ်ခွင့်ရှိသည်။ ကမ္ဘောဇဘဏ်သည် အထုတ်အသွင်းမရှိသောစာရင်း (သို့မဟုတ်) စာရင်းသေစာရင်းများအပေါ် စာရင်းထိန်းသိမ်းခ ကောက်ခံခွင့်ရှိမည်ဖြစ်ပြီး ထိုစာရင်းထိန်းသိမ်းခအား ငွေအပ်နှံသူ၏ စာရင်းသေစာရင်းမှ နုတ်ယူဖြတ်တောက်သွားမည်ဆိုသည်ကို ငွေအပ်နှံသူအနေဖြင့် သိရှိလက်ခံ သဘောတူပါသည်။

၁၅။၉။ စာရင်းသေစာရင်းပိုင်ရှင် ငွေအပ်နှံသူအနေဖြင့် ၎င်းတို့၏ စာရင်းသေစာရင်းများကို ပြန်လည်အသုံးပြုလိုပါက ဘဏ်အာမခံအပ်ငွေစာရင်းဖွင့်ခဲ့သည့် ကမ္ဘောဇဘဏ် သို့မဟုတ် နီးစပ်ရာကမ္ဘောဇဘဏ်ခွဲများသို့ ငွေစာရင်းပိုင်ရှင် ကိုယ်တိုင် သွားရောက်၍ တောင်းဆိုချက်ပြုလုပ်ရမည်ဖြစ်ပြီး ကမ္ဘောဇဘဏ်မှ လိုအပ်သော KYC (Know Your Customer) ၏ အချက်အလက်များအားလုံးကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ ကမ္ဘောဇဘဏ်၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်း များကို ကမ္ဘောဇဘဏ်မှ အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသတ်မှတ်နိုင်သည်ကို ငွေအပ်နှံသူမှ သိရှိနားလည် ပါသည်။ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူ၏ တောင်းဆိုချက်အရ အထုတ်အသွင်းမရှိသောစာရင်းအား ပြန်လည်အသက်သွင်းခြင်း လုပ်ငန်းစဉ်ကို ကမ္ဘောဇဘဏ်၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၁၅။၁၀။ ကမ္ဘောဇဘဏ်သည် အခါအားလျော်စွာ ဥပဒေကလိုအပ်သည့်အတိုင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ် ထံသို့ အထုတ်အသွင်းမရှိသော (သို့မဟုတ်) စာရင်းသေဖြစ်နေသော ဘဏ်အာမခံအပ်ငွေစာရင်းဆိုင်ရာ အချက်အလက်များကို တင်ပြနိုင် သည်။

၁၅.၁၁။ ဘဏ်အာမခံအပ်ငွေစာရင်းလုပ်ငန်းဆောင်ရွက်မှုများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

၁၅.၁၂။ ဤဝန်ဆောင်မှုအား မည်သည့်အချိန်တွင်မဆို မည်သည့်အကြောင်းကြောင့်ဖြစ်စေ ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ကြိုတင်အကြောင်းကြားခြင်းမပြုဘဲ ပယ်ဖျက်ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းတို့အား ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ငွေအပ်နှံသူက ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအား မလိုက်နာပါက ကမ္ဘောဇဘဏ်သည် ဘဏ်အာမခံအပ်ငွေစာရင်းကို ရပ်စဲခြင်းအပါအဝင် ဘဏ်အာမခံနှင့်စပ်လျဉ်းသော တာဝန်ရှိမှုများ အတွက် ချက်ချင်း တောင်းခံပိုင်ခွင့် ရှိသည်။

၁၅.၁၃။ ကမ္ဘောဇဘဏ်သည် ဘဏ်အာမခံအပ်ငွေစာရင်းဆိုင်ရာ သတင်းအချက်အလက်များအား တရားရုံးနှင့် အစိုးရအာဏာပိုင်များထံ ပေးရန်လိုအပ်လာပါက ပေးပိုင်ခွင့်ရှိကြောင်း ငွေအပ်နှံသူမှ သိရှိသဘောတူပါသည်။

၁၅.၁၄။ ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် အပ်ငွေစာရင်း နှင့်/သို့မဟုတ် အတိုးနှုန်း၊ အနည်းဆုံးထားရှိရမည်လက်ကျန်ငွေပမာဏ၊ လုပ်ငန်းစဉ်၊ အခကြေးငွေတို့အား ဤတွင်ပါဝင်သောအချက်များသာ ဖြစ်သည်ဟု ကန့်သတ်ထားခြင်းမရှိဘဲ မည်သည့်အချိန်တွင်မဆို၊ ကြိုတင်အကြောင်းကြားခြင်းကို ပြုလုပ်ခြင်းမရှိဘဲ ကမ္ဘောဇဘဏ်သည် ပြင်ဆင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းအား ဆောင်ရွက်ခွင့်ရှိသည်။

## ၁၆။ ဘဏ်အာမခံအပ်ငွေစာရင်း၏ အထူးစည်းကမ်းသတ်မှတ်ချက်များ

၁၆.၁။ ဘဏ်အာမခံအပ်ငွေစာရင်းသည် အောက်ဖော်ပြပါ စည်းကမ်းချက်များသာပါဝင်သည်ဟု ကန့်သတ်ထားခြင်းမရှိသော်လည်း အထူးစည်းကမ်းချက်များပါရှိပြီး သာမန် ငွေစုဘဏ်စာရင်းနှင့် တူညီသောစာရင်း အမျိုးအစားတစ်ခုဖြစ်ပါသည်။ ကမ္ဘောဇဘဏ်သည် ဤစည်းကမ်းချက်များကို မည်သည့် ကြိုတင် အကြောင်းကြား ခြင်းကိုမျှ ပြုလုပ်ခြင်းမရှိဘဲ အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲနိုင်သည်။

၁၆.၂။ ဘဏ်အာမခံအပ်ငွေစာရင်းသို့ ငွေသားဖြင့် ငွေထည့်သွင်းခြင်း နှင့် ဘဏ်အာမခံအပ်ငွေစာရင်းမှ တခြားသော ပုံမှန် ကမ္ဘောဇငွေစာရင်းများနှင့် CASH ACCOUNT များဖြစ်သည့် (Call, Current, Savings) စသော ငွေစာရင်းအမျိုးအစားများသို့ ငွေလွှဲပြောင်းမှု ဆောင်ရွက်ခြင်းအား ခွင့်ပြုမည်ဖြစ်သည်။

၁၆.၃။ ဤ ဘဏ်အာမခံအပ်ငွေစာရင်းနှင့် အခြားသော Accounts များအား ချိတ်ဆက်ခြင်းကို ခွင့်မပြုသော်လည်း တူညီသော ဘဏ်အာမခံအပ်ငွေစာရင်းများအကြားတွင် လူပုဂ္ဂိုလ်မတူသော်လည်း Account Transfer ပြုလုပ်ခြင်းများအား ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ၁၇။ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်

ကမ္ဘောဇဘဏ်၏ဝဘ်ဆိုက်နှင့် စာရွက်စာတမ်းအားလုံးတွင် အကြောင်းအရာအဖြစ်ဖြင့်ဖြစ်စေ၊ စကားအသုံးအနှုန်းပုံစံအဖြစ်ဖြင့်ဖြစ်စေ ပါရှိသော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ စာလုံးအမှတ်အသား၊ လုပ်ငန်းဝန်ဆောင်မှု အမှတ်အသား၊ ကုန်အမှတ်တံဆိပ်အမည်နှင့် ဒီဇိုင်းလက်ရာအားလုံး၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အရပ်ရပ်သည် ကမ္ဘောဇဘဏ်၏ မူပိုင်ဖြစ်သည်။ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် သုံးစွဲခြင်းမပြုရ သို့မဟုတ်

ကမ္ဘောဇဘဏ်မှ စာဖြင့်ရေးသားထားသော ကြိုတင်ခွင့်ပြုချက် ရရှိထားခြင်းမရှိဘဲ မည်သည့်ကိစ္စကိုမဆို ကြော်ငြာခြင်းမပြုရ။ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်၏ပုံရိပ်၊ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည် သို့မဟုတ် အခြားဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိခိုက်ပျက်ပြားစေနိုင်သည့် မည်သည့်ပြုလုပ်မှုမျိုးကိုမဆို ပြုလုပ်ခွင့်ရှိမည်မဟုတ်ပါ သို့မဟုတ် အခြားသူက ပြုလုပ်ခြင်းကိုလည်း ခွင့်ပြုပေးပိုင်ခွင့်ရှိမည်မဟုတ်ပါ။

## ၁၈။ ပြင်ဆင်ခြင်း

ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် ဝန်ဆောင်မှု နှင့်/သို့မဟုတ် မည်သည့်အဖိုးအခကိုမဆို မည်သည့်အချိန်တွင်မဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မည်သည့်ကြိုတင်အကြောင်းကြားခြင်းကိုမျှ ပြုလုပ်ခြင်းမရှိဘဲ ကမ္ဘောဇဘဏ်သည် ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခွင့်၊ မွမ်းမံခွင့်၊ အစားထိုးပိုင်ခွင့်၊ ပယ်ဖျက်ခွင့် သို့မဟုတ် ရုတ်သိမ်းပိုင်ခွင့် အပြည့်အဝရှိကြောင်းကို ငွေအပ်နှံသူက သိရှိသဘောတူပါသည်။ Website တွင် ဖော်ပြပေးထားမည့် ပြင်ဆင်ချက်များအပါအဝင် ဤစည်းမျဉ်းစည်းကမ်းချက်များကို ပုံမှန်ဖတ်ရှုစစ်ဆေးသွားရန် ငွေအပ်နှံသူတွင် တာဝန်အပြည့်အဝရှိပါသည်။ ဤစည်းကမ်းသတ်မှတ်ချက်များအား ပြောင်းလဲမှု သို့မဟုတ် အပြောင်းအလဲများပြုလုပ်ပြီးနောက် ငွေအပ်နှံသူသည် ဤဝန်ဆောင်မှု၏ မည်သည့်အသုံးပြုမှုတိုင်းမဆို ဤပြောင်းလဲသွားသည့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့် အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။

## ၁၉။ လွှဲပြောင်းခြင်း နှင့် ဆက်ခံသူများ

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအရ ငွေအပ်နှံသူသည် မိမိ၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ဝတ္တရားများ အားလုံးကိုဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပေးအပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းတို့အား ကမ္ဘောဇဘဏ်၏ စာဖြင့် ရေးသားဖော်ပြထားသော သဘောတူညီချက်မရှိဘဲ ဆောင်ရွက်ခြင်း မပြုရပါ။ ကမ္ဘောဇဘဏ်သည် ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို မည်သည့်အချိန်တွင်မဆို မိမိ၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ဝတ္တရားများ ကို ကမ္ဘောဇဘဏ်၏ မည်သည့် တာဝန်ပေးအပ်ခြင်း ခံရသူသို့ဖြစ်စေ သို့မဟုတ် မည်သည့် ဆက်ခံသူသို့ဖြစ်စေ လွှဲပြောင်းခြင်း သို့မဟုတ် တာဝန်ပေးအပ်ခြင်းတို့ ပြုလုပ်ခွင့်ရှိမည်ဖြစ်သည်။

## ၂၀။ ဆက်လက်အသက်ဝင်ခြင်း

ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်စီတိုင်းသည် အခြားပြဋ္ဌာန်းချက်များနှင့် မတူဘဲ သီးခြားသက်ဝင်မှုရှိမည်ဖြစ်သည်။ ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တရားဝင်မှုမရှိတော့ခြင်း၊ ပျက်ပြယ်ခြင်း သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ အာဏာသက်ရောက်မှုမရှိတော့ခြင်းများဖြစ်လာပါက ယင်းအပိုင်းသည်သာ ပျက်ပြယ်မည်ဖြစ်ပြီး ကျန်ပြဋ္ဌာန်းချက်များအား ထိခိုက်စေခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်းများရှိမည်မဟုတ်ဘဲ ကျန်ပြဋ္ဌာန်းချက်များသည် ဆက်လက်အသက်ဝင် နေမည်ဖြစ်သည်။

## ၂၁။ အာမခံခြင်း

ဝန်ဆောင်မှုအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်အဖြစ် ဝန်ဆောင်မှုများအား ဥပဒေနှင့်မညီသည့် မည်သည့်ရည်ရွယ်ချက်အတွက်မှ အသုံးပြုမည်မဟုတ်ကြောင်းကို ငွေအပ်နှံသူမှ အာမခံသည်ဖြစ်သည်။ ဝန်ဆောင်မှုများကို အသုံးပြုမှုနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေနှင့် ပြဋ္ဌာန်းဥပဒေအရပ်ရပ်ကို လိုက်နာရန် ငွေအပ်နှံသူမှ သဘောတူသည်ဖြစ်သည်။

## ၂၂။ လွှမ်းမိုးသောဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကာ ဤစည်းမျဉ်းစည်းကမ်းများမှ သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းများအရ ပေါ်ပေါက်လာသော မည်သည့်အငြင်းပွားမှုကိုမဆို စီရင်ဖြေရှင်းပိုင်ခွင့်အာဏာသည် မြန်မာနိုင်ငံရှိ တရားရုံးများတွင်သာ ရှိစေရမည်ဖြစ်သည်။

## ၂၃။ ဘာသာစကား

ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုလုပ်ထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ်သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ပြုလုပ်ထားခြင်းဖြစ်သောကြောင့် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကိုသာလျှင် အမှန်ယူရမည် ဖြစ်သည်။